*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*

## အပိုင်း ၄ ၊ အခန်း ၁၂ - အပိုဆောင်း/နောက်တိုးအချက်အလက်များ စုဆောင်းခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

သင်ခန်းစာပြီးဆုံးချိန်တွင် သင်တန်းသားများသည် အောက်ဖော်ပြပါအကြောင်းအရာများကို နားလည်သဘောပေါက်နိုင်မည်-

- ကျူးလွန်ခဲ့သည့်နေရာများနှင့် စာရွက်စာတမ်းများကို မှတ်တမ်းတင်ခြင်း/ပြင်ဆင်ခြင်းအတွက် လုပ်ထုံးလုပ်နည်းများကို ဖော်ထုတ်ခြင်း
- ကျူးလွန်မှုများ၊ ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားများနှင့် ဒဏ်ရာများကို မည်ကဲ့သို့ အကောင်းဆုံး ဓာတ်ပုံရိုက်ကူးခြင်း၊ ဗီဒီယိုမှတ်တမ်းနှင့် ကျူးလွန်ခဲ့သည့်နေရာများကို ပုံကြမ်းရေးဆွဲခြင်းတို့ကို ရှင်းပြနိုင်ခြင်း
- ထိန်းသိမ်းစောင့်ရှောက်မှုကွင်းဆက် ပုံစံအတွက် အခြေခံသတ်မှတ်ချက်များကို နားလည်သဘောပေါက်ခြင်း

**သင်တန်းကြာမြင့်ချိန်** - ၉၀ - ၁၂၀ မိနစ်

**လေ့ကျင့်ခန်း -** မပါဝင်ပါ

**နိုင်ငံတကာ လုပ်ထုံးလုပ်နည်း၏ ဆက်စပ်သော သင်ခန်းစာများ**

စာမျက်နှာ ၁၈၆ - ၂၀၁၊ အခန်း ၂ - လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို နားလည်သဘောပေါက်ခြင်း၊ အခန်း ၄ - လူပုဂ္ဂိုလ်တစ်ဦးချင်း ရာဇဝတ်မှုဆိုင်ရာ တာဝန်ဝတ္တရား၊ အခန်း ၇ - မထိခိုက်စေပါနှင့် Do No Harm၊ အခန်း ၈ - ဘေးကင်းရေးနှင့် လုံခြုံရေး၊ အခန်း ၉ - စီမံချက်ရေးဆွဲခြင်း၊ အခန်း ၁၀ - လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဆိုင်ရာ သက်သေခံ အထောက်အထားအမျိုးအစားများ၊ အခန်း ၁၃ - အချက်အလက် သိမ်းဆည်းခြင်းနှင့် ကိုင်တွယ်ခြင်း၊ နောက်ဆက်တွဲ (၃) - ရုပ်ပိုင်းဆိုင်ရာအထောက်အထားများ မစုဆောင်းသင့်သည့် အကြောင်းအရင်းများ၊ နောက်ဆက်တွဲ (၉) - သက်သေထိန်းသိမ်းမှုကွင်းဆက် ပုံစံ

ဤအခန်းသည် အခန်း - ၁၀ (လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဆိုင်ရာ သက်သေခံအထောက်အထားအမျိုးအစားများ)အပေါ် အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပြီး၊ ရှင်းလင်းပြသရန် တာဝန်ရှိခြင်း ရည်ရွယ်ချက်များ

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

အတွက် ၎င်း၏ သက်သေခံအထောက်အထားနှင့်ဆက်စပ်မှု တန်ဖိုးကိုမြှင့်တင်နိုင်ရန် ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု (CARSV) အချက်အလက်ကို မှန်ကန်သည့် နည်းလမ်းရွေးချယ်ခြင်းနှင့် မှတ်တမ်းတင်ခြင်းအား သင်တန်းသားများမှ အသေးစိတ်လေ့လာနိုင်မည်။ ထို့ကြောင့် ဤသင်တန်းပို့ချမည့် သင်တန်းဆရာသည် သက်သေအထောက်အထားများနှင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ဖူးသည့် ကျွမ်းကျင်သော အတွေ့အကြုံရှိရမည်ဖြစ်ပြီး၊ မှုခင်းဖြစ်ပွားရာနေရာများ သို့မဟုတ် ကျူးလွန်ခဲ့သည့် အခြားသောမှုခင်းဖြစ်ပွားရာနေရာများတွင် လုပ်ကိုင်ခဲ့ဖူးသည့်အတွေ့အကြုံရှိပါက အကောင်ဆုံးပင် ဖြစ်သည်။ သင်တန်းသားများသည် ၎င်းတို့ စုဆောင်းရန်လိုအပ်သည့် အချက်အလက်/သက်သေခံအထောက် အထားအမျိုးအစားများအတွက် ဂရုတစိုက် စဉ်းစား၍ စီမံချက်ရေးဆွဲရမည်ဖြစ်ပြီး၊ အန္တရာယ်ဖြစ်ပွားခြင်း သို့မဟုတ် မလိုလားအပ်သော အန္တရာယ်များမဖြစ်ပွားစေဘဲ လုပ်ဆောင်ရာမှာ ၎င်းတို့တွင် လိုအပ်သော အခွင့် အာဏာလုပ်ပိုင်ခွင့်၊ ဝန်ထမ်းနှင့် အရင်းအမြစ်များ ရှိ/မရှိတို့အပေါ်တွင် အလေးထားရှင်းပြနိုင်ရန်အတွက် သင်တန်းဆရာသည် သင်ခန်းစာ - ၇ (မထိခိုက်စေပါနှင့် Do No Harm/ပဋိပက္ခကို သတိပြုနားလည်မှုနှင့် ဆိုးကျိုးများ ဖြစ်ပေါ်ခြင်းမရှိစေမှု)၊ အခန်း - ၈ (ဘေးကင်းရေးနှင့် လုံခြုံရေး) နှင့် အခန်း - ၉ (စီမံချက်ရေးစွဲခြင်း) ကို ပြန်လည်ကိုးကား သင့်သည်။

သင်တန်းဆရာသည် အခန်း - ၇ (မထိခိုက်စေပါနှင့် Do No Harm/ပဋိပက္ခကို သတိပြုနားလည်မှုနှင့် ဆိုးကျိုးများဖြစ်ပေါ်ခြင်းမရှိစေမှု) တွင် ဖော်ပြထားသော လျှို့ဝှက်ထိန်းသိမ်းထားခြင်းဆိုင်ရာ အခြေခံသဘောတရားများ၏ အရေးပါမှုနှင့် အခန်း - ၁၃ (အချက်အလက် သိမ်းဆည်းခြင်းနှင့် ကိုင်တွယ်ခြင်း) တွင် ဖော်ပြထားသော လက်တွေ့ ဆောင်ရွက်မှု သတ်မှတ်ချက်များကို သင်တန်းသားများအား သတိပေးသင့်ပြီး၊ ၎င်းတို့သည် သက်သေခံ အထောက်အထားများကို စုဆောင်းရာတွင် ဥပဒေနှင့်ဆန့်ကျင်ပါက သို့မဟုတ် ကြာမြင့်သည့် အချိန်ကာလ တစ်ခုအထိ လုံခြုံစွာနှင့် သင့်လျော်စွာသိမ်းဆည်း ထိန်းသိမ်းထားနိုင်ခြင်းမရှိပါက မည်သည့် သက်သေခံ အထောက်အထား သို့မဟုတ် အချက်အလက်ကိုမျှ <u>မစုဆောင်းသင့်ကြောင်း</u> လုံးဝရှင်းလင်းစွာပြောပြထား သင့်သည်။ သင်တန်းဆရာသည် သင်တန်းသာများ၏ လုပ်ငန်းနှင့်သက်ဆိုင်သည့် ကျင့်သုံးနိုင်မည့် ဥပဒေ အောက်ရှိ ဥပဒေနှင့် သက်သေခံအထောက်အထားနှင့်ဆက်စပ်သည့် သတ်မှတ်ချက်များကို သုတေသနပြု လုပ်၍ သက်ဆိုင်ရာအချက်အလက်များကို မီးမောင်းထိုးပြသင့်ပြီး၊ တရားမဥပဒေ သို့မဟုတ် ပြစ်မှုဆိုင်ရာ ဥပဒေ အဆိုများအတွက် တင်ပြရန် မည်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဆိုင်ရာ သက်သေခံအထောက် အထားအမျိုးအစားများ သို့မဟုတ် သက်သေပြချက်များလိုအပ်သည်၊ မည်သည့်အဖွဲ့အစည်းများ သို့မဟုတ်

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

လူပုဂ္ဂိုလ်တစ်ဦးချင်းစီက ၎င်းတို့ကို စုဆောင်းရန် သို့မဟုတ် သိမ်းဆည်းရန် ခွင့်ပြုထားသည်တို့ကို သင်တန်းသားများအား သတိပေးသင့်သည်။ သက်သေခံအထောက်အထားနှင့် ဆက်စပ်လုပ်ထုံးလုပ်နည်းများသည် တရားစီရင်ပိုင်ခွင့်များအကြား ကွဲပြားမှုရှိသည်။

ဤသင်ခန်းစာတစ်လျှောက်၊အခန်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဆိုင်ရာ သက်သေခံ - ၁၀ အထောက်အထားအမျိုးအစားများ ၊ အခန်း ၁၃ - အချက်အလက် သိမ်းဆည်းခြင်းနှင့် ကိုင်တွယ်ခြင်းတို့ တွင် အချို့သော သက်သေခံအထောက်အထားအမျိုးအစားများ - အထူးသဖြင့် ရုပ်ပိုင်းဆိုင်ရာနှင့် မှုခင်းဆိုင် ရာ သက်သေခံအထောက်အထားများ - စုဆောင်းခြင်းအတွက် သီးခြား တရားဝင်ခွင့်ပြုချက်ရယူရန် လိုအပ်နိုင်ခြင်းနှင့်/သို့မဟုတ် ကိုင်တွယ်ခြင်းအတွက် လေ့ကျင့်တတ်မြောက်ထားသည့် ကျွမ်းကျင်ပညာရှင်များမှသာ ဆောင်ရွက်ခြင်း၊ ကိုင်တွယ်ခြင်း သို့မဟုတ် သိမ်းဆည်းခြင်းတို့ကို ပြုလုပ်နိုင်မည်။ အကယ်၍ သင်တန်းသားများတွင် လိုအပ်သော လေ့ကျင့်သင်ကြားတတ်မြောက်ခြင်း သို့မဟုတ် အခွင့်အာဏာ လုပ်ပိုင်ခွင့်မရှိပါက၊ ၎င်းတို့သည် ထိုအချက်အလက်များကို မစုဆောင်းသင့်ဘဲ အခြားနည်းလမ်းများဖြင့် မှတ်တမ်းတင်ရန် ကြိုးစားသင့်သည်။

စုံစမ်းစစ်ဆေးမှုနှင့် သက်သေခံအထောက်အထား စာရွက်စာတမ်းအမျိုးမျိုး (အထူးသဖြင့် ထောက်ခံမှု သို့မဟုတ် တရားစီရင်ရေး ရည်ရွယ်ချက်များအတွက်မဟုတ်သော ) အတွက်၊ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် မှုခင်းဆေးပညာဆိုင်ရာ လိုအပ်မည်မဟုတ်ကြောင်းနှင့် စာရွက်စာတမ်းများ၊ ဓါတ်ပုံများ သို့မဟုတ် ကျူးလွန်ခံရသူ/သက်သေ၏ တရားရုံးတွင် ထွက်ဆိုချက်များကို အသုံးပြုခြင်းဖြင့် တူညီသောအချက်များ သို့မဟုတ် အခြေခံသဘောတရားများကို သက်သေပြရန် ဖြစ်နိုင်ကြောင်း သင်တန်းဆရာမှ အလေးထားရှင်းပြသင့်သည်။ သင်တန်းသားများသည် မြေပြင်တွင် မှုခင်းဖြစ်ပွားရာနေရာများ သို့မဟုတ် အခြားသော ရာဇဝတ်မှုကျူးလွန်ရာနေရာများတွင် ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားများတွေ့နိုင်သော်လည်း၊ ၎င်းတို့သည် အမှန်တကယ် ထူးခြားသောအခြေအနေများတွင်သာ စုဆောင်းသင့်သည် (ဥပမာ - သက်သေခံအထောက်အထားအား မှတ်တမ်းတင်ခြင်း သို့မဟုတ် စာရွက်စာတမ်းပြုစုခြင်းအတွက် အခြားနည်းလမ်းမရှိခြင်း၊ မကြာမီ ဖယ်ရှားခံရနိုင်သည် သို့မဟုတ် ဖျက်စီးပစ်မည်ဟု ယုံကြည်ခြင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာနှင့် လုံခြုံစွာ စုဆောင်းခြင်း၊ သယ်ယူခြင်း၊ သိမ်းဆည်းခြင်းနှင့် စီမံခန့်ခွဲနိုင်ခြင်း)။

သင်တန်းသားများသည် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် မှုခင်းဆေးပညာဆိုင်ရာ အချက်အလက်များကို လုံခြုံပြီး ကောင်းမွန်စွာလုပ်ဆောင်ခြင်း သို့မဟုတ် သိမ်းဆည်းခြင်းမလုပ်ဆောင်နိုင်ပါက သို့မဟုတ် ၎င်းတို့၏ တရားရေးရာ သို့မဟုတ် သက်သေခံအထောက်အထားလိုအပ်ချက်များ၏ တစ်စိတ်တစ်ပိုင်းအဖြစ် တင်ပြရန် မလိုအပ်ပါက ၎င်းတို့အနေဖြင့် မစုဆောင်းသင့်ကြောင်း သင်တန်းဆရာမှ သတိပေးသင့်သည်။ သင်တန်းသားများ၏ စုံစမ်းစစ်ဆေးမှု သို့မဟုတ် မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်း အဖြစ် ရုပ်ပိုင်းဆိုင်ရာ

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

သို့မဟုတ် မှုခင်းဆေးပညာဆိုင်ရာ သက်သေခံအထောက်အထားများ စုဆောင်းရန် လိုအပ်သည်ရှိမရှိနှင့် ၎င်းတို့တွင် သက်ဆိုင်သော စွမ်းဆောင်ရည်၊ အရင်းအမြစ်များနှင့် အခွင့်အာဏာ လုပ်ပိုင်ခွင့်ရှိမရှိတို့ကို ထည့်သွင်းစဉ်းစားပြီး ဆွေးနွေးရန် သင်တန်းဆရာမှ တိုက်တွန်းသင့်သည်။ ဖြစ်စဉ်အများစုတွင် ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားတစ်ခုသည် သက်သေခံအထောက်အထားပြသနိုင်မည့် တန်ဖိုးရှိနိုင်သည်ဟု ထင်ရသော်လည်း၊ သင့်လျော်သော အခွင့်အာဏာ လုပ်ပိုင်ခွင့်နှင့် နည်းပညာဆိုင်ရာ နည်းလမ်းများမပါဘဲ သက်သေခံအထောက်အထားများကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် သိမ်းဆည်းခြင်းပြုလုပ်ပါက အမှန်တကယ် တန်ဖိုးရှိနိုင်မည်မဟုတ်ပါ။

သင်တန်းဆရာသည် သင်တန်းသားများအား ၎င်းတို့တွင် သက်သေခံအထောက်အထားများ သို့မဟုတ် ရာဇဝတ်မှုကျူးလွန်ခဲ့သည့်နေရာများကို မှတ်တမ်းတင်ခြင်း အတွေ့ကြုံရှိမရှိ မေးမြန်းသင့်သည်ပြီး၊ ၎င်းတို့၏ ကျွမ်းကျင်အတတ်ပညာပိုင်းဆိုင်ရာ အတွေ့အကြုံများနှင့် လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများကို ဝေမျှဖို့အားပေးသင့်သည်။ သင်တန်းဆရာမှ သင်တန်းသားများအား မှတ်တမ်းများနှင့် ရာဇဝတ်မှုကျူးလွန်ခဲ့သည့် နေရာများတွင် အကြံပြုထားသည့် လုပ်ဆောင်ခြင်းနှင့် မှတ်တမ်းတင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ပါဝါပွိုင့် အချပ် ၇ - ၁၂) ကို ရှင်းပြပြီး၊ ၎င်းတို့၏ လက်ရှိအလေ့အကျင့်များနှင့် မည်ကဲ့သို့ ကွာခြားမှုရှိသည်ကို မေးမြန်းပါ။ အရင်းအမြစ်၏ ထွက်ဆိုချက် သို့မဟုတ် မှတ်တမ်းတစ်ခုပါ အကြောင်းအရာများကို သက်သေပြသနိုင်သူတစ်ဦးဦးထံမှ သက်သေခံထွက်ဆိုခြင်းမရှိပါက၊ အဆိုပါမှတ်တမ်းသည် သက်သေခံအထောက်အထားပြသနိုင်မည့် တန်ဖိုးအနည်းငယ်သာရှိကြောင်း သင်တန်းဆရာမှ ရှင်းလင်းစွာပြောကြားသင့်သည်။

ပါဝါပွိုင့် အချပ် ၁၃ - ၁၈ တွင် ကျူးလွန်မှုများ၊ ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားနှင့် ထိခိုက်ဒဏ်ရာများကို ဓါတ်ပုံရိုက်ကူးခြင်း၊ ဗီဒီယိုရိုက်ကူးခြင်းနှင့် ပုံကြမ်းရေးဆွဲခြင်းတို့ပါဝင်သည်။ ဆက်စပ်မှုရှိပြီး အသုံးပြုနိုင်ရန်အတွက် ဓါတ်ပုံ သို့မဟုတ် ဗီဒီယိုရိုက်ကူးမှုတိုင်းသည် ရှင်းလင်းပြတ်သားပြီး အချက်အချာကျမှုနှင့် အမြင်အားဖြင့် ပြည့်စုံမှုရှိစေရန် အလေးထားဆောင်ရွက်သင့်ကြောင်းပြောကြားသင့်သည်။ သင်တန်းဆရာသည် နိုင်ငံတကာလုပ်ထုံးလုပ်နည်းတွင် ဆွေးနွေးထားသော ဓါတ်ပုံအမျိုးအစား သုံးမျိုး (နေရာအနှံ့၊ အကြောင်းအရာနှင့် အနီးကပ်) ၏ ဥပမာများပေးသင့်သည်၊ ဓါတ်ပုံသုံးခုစလုံး၏ ပေါင်းစပ်မှုသည် အရာဝတ္ထု၏ အသေးစိတ်သဘောတရားတစ်ခုကို ပိုမိုကောင်းမွန်စေပြီး၊ ၎င်း၏ ကျယ်ပြန့်သော ပတ်ဝန်းကျင်များနှင့် မည်သို့ဆက်စပ်မှုရှိသည်ကို ပြသနိုင်မည်။ ဓါတ်ပုံတွင် အတိုင်းအတာတစ်ခု သို့မဟုတ် အခြားတိုင်းတာမှုနည်းလမ်းများမပါဝင်ဘဲ၊ အရာဝတ္ထုများ၏ အရွယ်အစား သို့မဟုတ် အကွာအဝေးကို တိုင်းတာနှိုင်းယှဉ်ခြင်း သို့မဟုတ် မှုခင်းဖြစ်ပွားရာနေရာကို ကောင်းမွန်စွာ ပြသနိုင်မည်မဟုတ်ပါ။ ဗီဒီယိုဖိုင်၏

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

ရှင်းလင်းပြတ်သားမှုနှင့် တစ်သမတ်တည်းဖြစ်မှုအပေါ်မူတည်၍ ဖော်ထုတ်နိုင်သည့် အသုံးဝင်သော သို့မဟုတ် ယုံကြည်စိတ်ချရသော အချက်အလက်ပမာဏ ကွာခြားချက်ကို ပြသရန်၊ သင်တန်းဆရာသည် မှုန်ဝါးသော၊ အချက်အချာမကျသော သို့မဟုတ် မေးမှိန်သော ဓါတ်ပုံများနှင့် ဗီဒီယိုများ၏ နမူနာအချို့ကိုလည်း ထည့်သွင်း ပြသသင့်သည် (ဆိုလိုသည်မှာ - ခြေလေးချောင်းသတ္တဝါ၏ မှုန်ဝါးသော ဓါတ်ပုံသည် ခွေးတစ်ကောင် သို့မဟုတ် ခြင်္သေ့တစ်ကောင်ဖြစ်နိုင်သည်၊ အချက်အချာမကျသော ဓါတ်ပုံတစ်ပုံသည် ဆန်တာကလော့စ် သို့မဟုတ် အာဆင်နယ်ဘောလုံးအသင်းကစားသမားတစ်ဦးဖြစ်နိုင်သည်)။ သင်တန်းသားများသည် ကင်မရာ ချိန်ညှိချက်များနှင့် ကင်မရာအကြောင်း ပေါ့ပေါ့ပါးပါး ဖတ်ရှုလေ့လာမှုများပြုလုပ်ခြင်းနှင့် ဓါတ်ပုံများမှ မက်တာဒေတာ (metadata) ကို အသုံးပြု၍ ဓါတ်ပုံမှတ်တမ်းတစ်ခု ထိန်းသိမ်းရန်လည်း သင်တန်းသားများ ကို အားပေးသင့်သည်။ ပါဝါပွိုင့် အချပ် ၁၆ သည် ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာများကို ဓါတ်ပုံရိုက်ကူးခြင်းအတွက် နောက်ထပ် လမ်းညွှန်ချက်ပေးပြီး၊ အချပ် ၁၇ သည် ဗီဒီယိုရိုက်ကူးခြင်းကို အထူးသဖြင့် ရှင်းပြထားပြီး၊ အချပ် ၁၈ သည် အခြားနည်းလမ်းတစ်ခုအဖြစ် သို့မဟုတ် ဓါတ်ပုံများရိုက်ကူးခြင်းအပြင်နောက်ထပ်အနေဖြင့် ရာဇဝတ်မှုဖြစ်ပွားခဲ့သည့်နေရာများကို ပုံကြမ်းရေးဆွဲခြင်းအတွက် လမ်းညွှန်ချက်များပါရှိသည်။

သင်ခန်းစာ၏နောက်ဆုံးအပိုင်းသည် သက်သေထိန်းသိမ်းမှု ကွင်းဆက်နှင့်ပတ်သက်သည် (ပါဝါပွိုင့် အချပ် ၁၉-၂၃)။ သင်တန်းဆရာသည် သက်သေထိန်းသိမ်းမှုကွင်းဆက်ဟူသည် မည်ကဲ့သို့ လုပ်ငန်းစဉ်ဖြစ်သည်ဆိုသည်ကို သင်တန်းသား များအားမေးမြန်းသင့်သည်၊ အကယ်၍ ဤအကြောင်းအရာသည် ၎င်းတို့နှင့် ရင်းနှီးသော လုပ်ငန်းစဉ်ဖြစ်ပြီး သင့်လျော်ပါက ယင်းနှင့် စပ်လျဉ်း၍ ၎င်းတို့၏အတွေ့အကြုံကို မျှဝေရန် သင်တန်းသားများအား မေးမြန်းသင့် သည်။ မှတ်တမ်းနှင့် ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားများ စုဆောင်းရန် အပ်နှင်းသည့် လုပ်ပိုင်ခွင့် ရရှိထားသည့် လေ့ကျင့်သင်ကြားထားသော ကျွမ်းကျင်ပညာရှင်များသည် တရားရုံးမှ သက်သေခံအထောက် အထားတစ်ခုကို လက်ခံနိုင်ရန်အတွက် ယင်းသက်သေခံအထောက်အထား၏ စစ်မှန်မှုနှင့် ဖြောင့်မတ်မှုကို ပြသရန် လိုအပ်ကြောင်းနှင့် ၎င်း၏ သဘောသဘာဝအရ ခိုင်လုံမှုကိုလည်း ပြသနိုင်ရမည်ဖြစ်ကြောင်း သင်တန်းဆရာမှ ရှင်းပြသင့်သည်။ ထိုသို့လုပ်ဆောင်နိုင်ဖို့အတွက် သင်တန်းသားများသည် - (၁) မှတ်တမ်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားတစ်ခုကို မည်သို့ ဦးစွာ စုဆောင်းခဲ့ပုံ ၊ (၂) ထိုအခြေ အနေအရ၊ မှတ်တမ်း သို့မဟုတ် သက်သေခံအထောက်အထားသည် ၎င်းတို့၏ လက်ဝယ်သို့ မရောက်ရှိမီ မတူညီသော လူတစ်ဦးချင်း နှင့်/သို့မဟုတ် အဖွဲ့အစည်းများအကြားတွင် မည်ကဲ့သို့ အဆင့်ဆင့် လွှဲပြောင်းပေး ခဲ့သည်ကို မှတ်တမ်းတင်ဖို့လိုအပ်သည်။ ဤရည်ရွယ်ချက်မှာ သက်သေခံ အထောက်အထား / မှတ်တမ်းသည် စစ်မှန်ကြောင်းနှင့် ၎င်းကို ပြင်ဆင်ခြင်း သို့မဟုတ် ကူးဆက် ညစ်ညမ်းမှု မရှိကြောင်း ပြသရန်ဖြစ်သည်။

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

သင်တန်းဆရာသည် သက်သေထိန်းသိမ်းမှု ကွင်းဆက်များကို ထိန်းသိမ်းနိုင်ရန်အတွက် လိုက်နာရမည့် အဓိကကျသော အခြေခံအဆင့်များကို သင်တန်းသားများအား ရှင်းပြနေစဉ်တွင်၊ ရုပ်ပိုင်းဆိုင်ရာ/ မှတ်တမ်းများ စုဆောင်း ရာတွင် ပါဝင်ဆောင်ရွက်သူများအနေဖြင့် ၎င်းတို့၏ တရားစီရင်ပိုင်ခွင့်အောက်ရှိ ထိန်းသိမ်းစောင့်ရှောက်မှု ကွင်းဆက်နှင့် ပတ်သက်သည့် သက်ဆိုင်ရာတရားဝင်ပြဋ္ဌာန်းချက်များသည် သက်သေခံအထောက်အထားအမျိုးအစားများ အလိုက် ကွဲပြားခြားနားမှုရှိနိုင်သည်ကို နားလည်သဘောပေါက်ရန်လိုအပ်ကြောင်း အလေးထားရှင်းပြသင့်သည်။

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈